ဝေဒင်္ဂ၏ဂုဏ်ပြုစာစဉ်

# တစ်သက်တာဟောစာတမ်း



## တနင်္လာ သားသမီးများအတွက်


အတတ်ဟော ပုဏ္ဏားနက္ခတ် ဗေဒင်ဆရာကြီး

ဦးရာမ



ဒုတိယအကြိမ်

## တနင်္လာသားသမီးများ အတွက် တစ်သက်တာ ဟောစာတမ်း

အကယ်၍ သင်သည် တနင်္လာနေ့တွင် မွေးဖွားသောသူဖြစ်ပါလျှင် သင့်ဘဝ၏ ကောင်းကျိုးဆိုးကျိုးများ သည် အောက်ပါအတိုင်း ဖြစ်ပျက်ကြုံတွေ့ရပါလိမ့်မည်။

ဤတနင်္လာနေ့တွင် မွေးဖွားသန့်စင်သော သတို့ သားဖြစ်စေ၊ သတို့ သမီးဖြစ်စေ၊ လူတိုင်းသည် စိတ်သဘောထား သိမ်မွေ့နူးညံ့မည်။ လူတစ်ဖက်သားကို ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံလိုစိတ် အမြဲတမ်းရှိသည် ။ လူများ စု၏ ယုံကြည်ကိုယ်စားခြင်းကို ခံရမည်။ စိတ်ထား ဖြူစင်သန့်ရှင်း၍ မကြာခဏ မိမိအပေါ် ကြောသွားသူများ နှင့် တွေ့ကြုံနေရတတ်သည် ။ မိမိအပေါ် လူပါး၀တတ်သူ ၊ တစ်ဖက်စီးနင်း တင်စီးတတ်သူများ နှင့် တွေ့ရလိမ့်မည်။ မိမိကလည်း သည်းခံစိတ်နှင့် သဘောထားပြည့်ဝစွာ သည်းခံလိမ့်မည်။

မိမိ၏ မူလကံဇာတာမှာ စိတ်နှလုံးကောင်းမည် ၊ စေတနာကောင်းမည် ၊ သူများ အပေါ် အထူးကောင်းတတ်သည် ၊ အမြဲတမ်း အနစ်နာခံလိုစိတ်ဖြင့် သူများ အပေါ် ပေါင်းသင်း ဆက်ဆံတတ်မည်။ သူများကို ပေးကမ်းလိုစိတ် ၊ ကျွေးမွေးလိုစိတ်အမြဲရှိသည် ။ အပေါင်းအသင်း ၊ သူငယ်ချင်းများကြောင့် ဘဝတစ်ခုလုံးတွင် အမှားပေါင်းများ စွာ တွေ့ရပါမည်။ အနှောင့်အယှက်ပေါင်းများ စွာ တွေ့ရမည် ၊ မကြာခဏ နှောင်တရနေမည်။

မိမိ၏ အပေါင်းအသင်း သူငယ်ချင်းများ သည် မိမိကို လိုသလိုလိုနှင့်

ပေးသောအစာကို စားပြီးမိမိအား မကောင်းကြံလိမ့်မည်။ ချောက်တွန်းမည် ၊ ဒုက္ခပေးလိမ့်မည် ၊ ထိုအခါ မိမိကလည်း အမှားကြီးမှားပြီး အပေါင်းအသင်းနှင့် နောင်ကြဉ်သွားမည်၊ အပေါင်းအသင်း များ တတ်ပါသည် ။ ပြေပြေပြစ်ပြစ် လိမ်လိမ်မာမာဆက်ဆံတတ်၍ မိမိကို လူတိုင်းသဘောကျမည်၊ အနစ်နာခံစရာရှိလျှင် အနစ်နာခံတတ်ပါသည် ။ ကျွေးမွေးစရာရှိလျှင် ဒိုင်ခံကျွေးမွေးလိုစိတ် အမြဲရှိမည်။ သို့သော် မိမိမှစားစရာမရှိလျှင် သူများက မိမိကို မေ့နေတတ်မည်၊ ကျေးဇူးမသိ ဖြစ်နေတတ်မည်။

မိမိက ပထမပိုင်းတွင် မသိတတ်ပါ။ ပြဿနာအမျိုးမျိုး ဒုက္ခအမျိုးမျိုး ကြုံတွေ့ပြီးမှ နောင်တရတတ်သည် ။ သို့သော် မိမိကခွေးမြီးကောက်၊ ကျည်တောက်စွပ် သဘောမျိုး ဖြစ်နေပါမည်။ အပေါင်းအသင်း သူငယ်ချင်း၊ မိတ်ဆွေသင်္ဂဟနှင့် ပတ်သက်၍ လေးလေးနက်နက် မထားတတ်ပါ။ အမှတ်သညာ မထားတတ်ပါ။ မိမိပေါင်းစရာရှိ ပေါင်းလိုက်မည်။ ကျွေးစရာရှိကျွေးလိုက်မည်။ ပေးစရာရှိ ပေးလိုက်မည်။ စေတနာကောင်းစရာရှိလျှင် မိမိကသာ ကောင်းလိုစိတ်ရှိမည်။ မိမိအပေါ်တွင် အပေါင်းအသင်း၊ သူငယ်ချင်းများ ညာဝါးစားတတ်သည် မှန်သော်လည်း ၊ မိမိသည် သူငယ်ချင်း၊ အပေါင်းအသင်းအတွက် အကျိုးရှိပါမည်။ ကျေးဇူးခံစားရမည်။ အပေါင်းအသင်းများ အတွက် အလုပ်ကိစ္စ အောင်မြင်မည်။

မိမိဘဝတစ်သက်လုံးတွင် တစ်ခုမှတ်သားထားပါ။ မိမိတွင် ညာဖြန်းသော အပေါင်းအသင်းများ ဒုနှင့်ဒေး ရှိတတ်သလို၊ မိမိအပေါ် ကောင်းသော၊ အနစ်နာခံသော၊ အကျိုးရှိသော အပေါင်းအသင်းများ လည်း ရှိတတ်ပါသည် ။ မိမိဘဝတွင် ဆက်ဆံရေးနှင့် ပတ်သက်၍ မီးကွက် တစ်ဖက်၊ ရေမှုတ်တစ်ဖက် ဖြစ်ပါမည်။ မိမိဘေးတွင် မိတ်ဆွေကောင်း တစ်

ယောက်အမြဲရှိနေတတ်သလို၊ ရန်သူဆိုး တစ်ယောက်လည်း အမြဲရှိနေတတ်ပါသည် ။ ဆင်ခြင်၍ ပေါင်းသင်းထိုက်ပါသည် ။

အထူး လူရွေးချယ်ပြီးမှ ပေါင်းသင်းပါ။ မိမိမှာ လူတစ်ဖက်သားအပေါ်တွင် ထိထိရောက်ရောက် ကူညီနိုင်သော အခါလည်း ရှိမည်။ ကူညီနိုင်သောအခါတွင် အလွန်ချမ်းမြေ့ ပျော်ရွှင်တတ်မည်။ မကူညီနိုင်သောအခါမှာ ဝမ်းနည်းပက်လက် ဖြစ်မည်။ ယူကျုံးမရ ဖြစ်တတ်သည် ။ မိတ်ကောင်း၊ ဆွေကောင်း ပေါများ မည်။ သူငယ်ချင်းကောင်းပေါများ မည်၊ အပေါင်းအသင်းပေါ်တွင် ကျေးဇူးသိ၍ အပေါင်းအသင်းဆုံမည်။ မိမိ၏ ပင်ကိုယ်စိတ် သဘောထားမှာ သူများကိုလည်း မစတတ်ပါ၊ မိမိကိုစလျှင်လည်း မခံတတ်ပါ။ သည်းခံစရာရှိလျှင် သူများ ထက် အဆပေါင်းများစွာ သည်းခံပစ်မည်။ လက်စားချေစရာရှိလည်း သူများ ထက်ပို၍ ရက်စက်နိုင်သူဖြစ်မည်။ တော်ရုံတန်ရုံနှင့် လက်စားမချေဖြစ်ပါ။ သည်းခံပစ်လိုစိတ် ရှိမည်။

မိမိသည် တစ်ဖက်သားအပေါ် သနားညှာတာထောက်ထားတတ်သူဖြစ်၍ ဖြုံးကနဲ မရက်စက်နိုင်ပါ။ လုပ်မိလျှင်လည်း လမ်းဆုံးတိုင် လုပ်လိုစိတ်ရှိမည်။ လုပ်ပြီးမှ ပြန်သနားနေတတ်မည်။ လုပ်ပြီးမှ စိတ်မကောင်းဖြစ်မည်။ မိမိမှာ အေးအေးဆေးဆေးနေမည်၊ ကိုယ့်ဖာသာကိုယ် ဖာသိဖာသာနေမည်။ လောကကြီးတွင် မိမိအပျော်ကို မိမိဖာသာ ရှာတတ်သော လူစားမျိုးဖြစ်ပါသည် ။ စိတ်ချမ်းသာသလို နေတတ်ပါမည်။ ရှည်ရှည်ဝေးဝေး ဇီဇာမကြောင်တတ်ပါ။

တည်ကြည်မည်။ ရိုးသားမည်၊ ပျော်ပျော်နေမည်။ သို့သော် မပြတ်သားပါ၊ အလွန် သံယောဇဉ် ကြီးမားနေမည်။။ လူတစ်ဖက်သားအပေါ် ခ

င်မင်စိတ်၊ တွယ်တာစိတ်၊ ကြင်နာစိတ်၊ သနားစိတ်များ မည်။ ကိုယ့်အပေါ်တွင် မည်သို့မကောင်းသော်လည်း မိမိကကောင်းနေမည်။

အလုပ်အကိုင်များ နှင့် ပတ်သက်၍ ပညာပိုင်းဆိုင်ရာ အလုပ်များ နှင့် အကျိုးပေးမည်။ အကယ်၍ မိမိမှာ ပညာအလွန်တတ်လျှင်အကြောင်းမဟုတ်ပါ။ ပညာမဲ့သူဖြစ်လျှင် တစ်ခုခုကို မြင်ရုံနှင့်တတ်မည့် ဖြတ်ထိုးဉာဏ်ရှိမည်။ မည်မျှ ခက်ခဲနက်နဲသော အလုပ်ဖြစ်ပါစေ၊ မိမိသည် လွယ်လင့်တကူ တတ်မြောက်ပါမည်။ လက်မှုပညာပိုင်းနှင့် အကျိုးပေးမည်။ တီထွင်ရသော အလုပ်များကို ဝါသနာပါမည်။ ကျောင်းဆရာ အလုပ်ကို စိတ်ဝင်စားမည်၊ မည်သည့်အလုပ်အကိုင်တွင် မဆို ဆရာပိုင်းဆိုင်ရာတွင် စိတ်ပါ၍ လုပ်ကိုင်တတ်မည်။ ပင်ကိုယ်ဗီဇမှာ အရာရာကို တတ်မြောက်နေတတ်၍ နေရာတကာတွင် ဝင်၍ ညွှန်ကြားပေးရမည်။ အာဏာပေးရမည်၊ ဆရာလုပ်ရမည်၊ မိမိအပေါ်တွင် လက်အောက်ငယ်သားများက အထင်ကြီး၍ အမြင်ကတ်မည်။ သဘောကျမည်၊ မိမိ၏ အထက်အရာရှိ လူကြီးများကလည်း မိမိကိုအားကိုးမည်၊ ယုံကြည်မည်၊ စိတ်ချမည်။ မိမိကလည်း သူများ အလုပ်ကို ကိုယ့်အလုပ်လို အပင်ပန်းခံ၍ လုပ်မည်။ အနစ်နာခံ၍ လုပ်မည်၊ သူများ သဘောကျအောင် စေတနာအပြည့်အဝနှင့်လုပ်မည်။

စိတ်ထက်မြက်မည်၊ မဟုတ်မခံစိတ်ရှိမည်။ မျိုးချစ်စိတ်ရှိမည်။ မကြာခဏ စိတ်လိုက်မာန်ပါလုပ်တတ်ပြီး နောင်တရနေတတ်မည်။ တစ်ခါတစ်ရံ ထင်ရာစွတ်၍ လုပ်တတ်မည်။ မိမိဘဝကိုလည်း ကိုယ့်သဘောကျ ဖန်တီးပြုပြင် တည်ဆောက်လိုစိတ်ရှိမည်။ မိမိဘဝ အခြေလှရန် အခြေခံဘဝက စရပါမည်။ အစမှ လုပ်ရမည်။ ဘဝအနေကောင်းရန် ပင်ပန်းခံရမည်။ ဒုက္ခခံရမည်၊ ဖွဲ့ရှိရမည်။ မိမိကလည်း ကိုယ့်ဘဝကို ကိုယ့်စိတ်ကြိုက်ဖန်တီးရမှ ကျေနပ်နှစ်သိမ့် တတ်သည် ။ တနင်္လာနေ့တွင်

မွေးဖွားသူများ တွင် လူခပ်များများ သည် မိမိဘဝကို မိမိဖာသာ ဖန်တီးသူများ ဖြစ်ပါသည် ။ ကိုယ့်ဒူးကိုယ်ချွန်လို သူများ ဖြစ်ပါသည် ။ မိမိအစွမ်းသတ္တိကို ပြလိုသူများ ဖြစ်မည်။ မိမိတို့ ၏ လုပ်ရည်ကိုင်ရည်၊ ဇွဲသတ္တိကို လူရှေ့တွင် ပြရမှ ကျေနပ်တတ်ကြမည်။ ကုသိုလ်ကံကလည်း အစွမ်းပြရကိန်း ကြုံလာတတ်ပါသည် ။ မိမိဘဝတွင် မကြာခဏ အစွမ်းပြမှုကြောင့် ဂုဏ်ပြုခံရမှုများ နှင့်အရှက်ကွဲမှုများကိုခံရမည်။ မိမိက အရမ်းလုပ်ပြတတ်၍ မှားယွင်း သွားတတ်ခြင်း ဖြစ်သည် ။ အကယ်၍ စဉ်းစားဆင်ခြင် လုပ်ကိုင်မည်ဆိုလျှင် အမှန်မုချ အောင်ပွဲခံနိုင်ပါလိမ့်မည်။

စိတ်ထားမှာ လူတစ်ဖက်သားကို တော်ရုံတန်ရုံနှင့် မယုံကြည်တတ်ပါ၊ စိတ်မချတတ်ပါ။ လူတစ်ဖက်သားကို အရမ်းကာရော မလေးစားတတ်ပါ။ အမြဲတမ်း သေသေချာချာ စိစစ်ပြီးမှ ယုံကြည်မည်။ စိတ်ချမည်၊ ပေါင်းသင်းဆက်ဆံတတ်မည်။ လူတစ်ယောက်ကို မယုံကြည်လျှင် လုံးဝမယုံတတ်သလို၊ ယုံကြည်မိလျှင် အားတက်မာန်တက်၊ စိတ်ချလက်ချ ယုံကြည်တတ်မည်။ အလွန်ယုံကြည်အားကိုးမည်။ စိတ်ရောကိုယ်ပါ ပေါင်းသင်းတတ်မည်။ မိမိ၏ လျှို့ဝှက်ချက်များကိုပါ မဆင်မချင်ဘဲ ပြောရန်ဝန်မလေးတတ်ပါ။ မိမိက လွယ်လွယ်ကူကူဘဲ ပြောဆိုတတ်မည်။ မပြောသင့် မပြောအပ်သောစကားများကို ပြောတတ်ပြီး မိမိအားကိုးတတ်ရာ၊ နောက်ဆုံး မိမိမကောင်း ပြောခံရမည်။ မိမိ၏ လျှို့ဝှက်ချက်များ ပေါက်ကြားတတ်မည်။

အလုပ်အကိုင်နှင့် ပတ်သက်၍ ကောင်းပါသည် ။ လုပ်ရကျိုး နပ်မည် ။ အလုပ်၏ အကျိုးခံစားရမည်။ အလုပ်တစ်ခု လုပ်ရန်ကြံစည်လျှင် သူများ နှင့် တိုင်ပင်လိုစိတ်ရှိမည်။ သူများကို ပြောပြတတ်မည်။ လုပ်ရသေးသည် ဖြစ်စေ၊ မလုပ်ရသေးသည် ဖြစ်စေ၊ သူများကို ဖွင့်ပြော၍ အ

ကူအညီတောင်းမည်။ နောက်မှ မိမိ၏ အမှားကို တွေ့ပါလိမ့်မည်။ မိမိကအားကိုးအားထားနှင့် အကူအညီတောင်းတတ်သော်လည်း မကြာခဏမိမိကို ချောက်တွန်းသူများ နှင့် တွေ့မည်။ မိမိပြုလုပ်မည့် အကြံကို သူများက ဝင်လုပ်တတ်မည်။ သူများကအကြံဦး သွားတတ်မည်။ ထို့ကြောင့် မည်သည့် အလုပ်ကိုမဆို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်တွေးတောပြီး မိမိဖာသာ ဆုံးဖြတ်လုပ်ကိုင်ပါ။ အထူးအောင်မြင်ပါလိမ့်မည်။ အလုပ်လုပ်ရာတွင် မည်သူ့ကိုမှ မယုံကြည်ရ၊ သူများကို အားမကိုးရ၊ မိမိဖာသာ ဝင်ရောက်လုပ်ကိုင်ပြောဆိုပါ။ အထူးအကျိုးရှိပါလိမ့်မည် ။

အစစအရာရာမှာ ကောင်းသော်လည်း ၊ အကျိုးတရားနှင့် အကြောင်းတရားပေါ်တွင် ခံနိုင်ရည် မရှိတတ်ပါ။ တစ်ခုခုကြောင့် ကောင်းနေသည် ဖြစ်စေ၊ ဆိုးနေသည် ဖြစ်စေ ရဲရဲဝံ့ဝံ့ မခံစားနိုင်ပါ။ အမှားနှင့်အမှန်ကို ရဲရဲမရင်ဆိုင်ရဲပါ။ မိမိ၏ စိတ်ကို အစိုးမရတတ်ပါ။ ဝမ်းနည်းစရာ၊ စိတ်ထိခိုက်စရာရှိလျှင် အရမ်းစိတ်ထိခိုက်တတ်၍ ပျော်စရာရှိလျှင် အရမ်းပျော်ရွှင်မြူးတူး တတ်ပါသည် ။ မိမိ၏ လုပ်ငန်းတစ်ခုခု ချို့ယွင်းသွားလျှင် အလွန် စိတ်အားငယ်သွားတတ်ပါသည် ။ စိတ်ညစ်သွားတတ်ပါသည် ။ အစွဲအလန်းကြီး နေတတ်ပါသည် ၊ စိတ်ဖြေဆည်မရ ဖြစ်နေမည်။ တစ်ခုခုတွင် အောင်မြင်လျှင်လည်း အားရပါးရ လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်မည် သဘောကျမည်။

မည်မျှအသက်ကြီးသူဖြစ်စေ၊ ရာထူးကြီးသူဖြစ်စေ၊ မိမိ၏ စိတ်မှာ အမြဲတမ်း ကလေးဆန်နေမည်။ မိမိ၏ စိတ်မှာ လုပ်စရာရှိလျှင် အချိန်အခါကို မစောင့်ဘဲ ချက်ချင်းလုပ်ရမှ ကျေနပ်မည်။ သဘောကျ အရမ်းလုပ်တတ်မည်။ ရစရာရှိလျှင်လည်း ချက်ချင်းတောင်းတတ်မည်။ စိတ်ဆိုးစရာရှိလျှင် ကလေးလို စိတ်ကောက်နေမည်၊ လိုချင်တာ တစ်ခုခုရှိ

လျှင် မရမရချင်း စိတ်ကောက်နေသော ဓလေ့ရှိသည် ။ နားပူနားဆာ လုပ်တတ်သော ဝါသနာရှိမည်။ စိတ်တိုလွယ်ပြီး စိတ်ကောက်လွယ်မည်။

စိတ်ထားရိုး၍ လူရိုးစိတ်တိုသဘောမျိုးဖြစ်မည်။ မမှန်တာ မလုပ်ပါ။ မိမိကို မဟုတ် မမှန်တာလုပ်လျှင်လည်း မကျေနပ်တတ်ပါ။ စိတ်ဆိုး လွယ်ပြီး စိတ်ပြေလည်း လွယ်ပါသည် ။ လူတစ်ယောက်ယောက်က လာပြီး မချော့မချင်း စိတ်မကျေမနပ်ဖြစ်နေမည်။

မည်မျှစေတနာနှင့် အမှန်ပြောသော်လည်း ဘုပြောသည် ဟု အပြောခံရမည်။ လူပါး၀ သည် ၊ ဆရာလုပ်သည် ဟု အပြောအဆို အစွပ်အစွဲများ ခံရပါမည်။ သို့သော် မိမိက မမှုပါ။ တစ်နေ့ စေတနာ၏ အကျိုးခံစားရမည်ဟု ယုံကြည်ပြီး ပြောမြဲပြော၊ ဆိုမြဲဆိုနေမည်။

မိမိကို လူများ စုနှင့် သက်ဆိုင်သော အလုပ်များ နှင့် အကျိုးပေးမည် ။ အစုရှယ်ယာ သဘောမျိုးနှင့် အကျိုးပေးမည်။ ငွေတိုးငွေချေးသဘောနှင့် အကျိုးပေးမည်။ လခစားနှင့် အကျိုး ပေးမည်။ အထူးသဖြင့် စေတနာ့ဝန်ထမ်း အလုပ်များ နှင့် ကျော်ကြားတတ်သည် ။ သတင်းကြီးမည်၊ နာမည်ကြီးမည်။ အကယ်၍ မိမိသည် အစုရှယ်ယာအလုပ်များ ၊ စပ်တူလုပ်ငန်းများ လုပ်မည်ဟု ဆိုလျှင်၊ လုပ်ရန်ရည်ရွယ်ထားလျှင် မိမိနှင့် အကျိုးပေးမည့်နေ့များ နှင့် ပြုလုပ်သင့်ပါသည် ။သို့မှ မိမိအတွက် အထူးအကျိုးရှိပေလိမ့်မည်။

မိမိသည် ဗုဒ္ဓဟူးနေ့ ၊ ကြာသပတေးနေ့၊ တနင်္ဂနွေနေ့ သားသမီးများနှင့် စပ်တူရှယ်ယာ အလုပ်လုပ်ကိုင်ပါ။ အထူးအကျိုးရှိပါမည်။ ရှယ်ယာရှင်နှင့် ပတ်သက်၍ ငွေများ လွယ်လင့်တကူ ရရှိပါမည်။ တစ်ယောက်နှင့်တစ်ယောက် အရှုပ်အရှင်း ဖြစ်နေလျှင်လည်း နောက်ဆုံးမိမိတွင် အကျိုးရှိပါမည်။ မိမိက အနိုင်ရမည်။ အကယ်၍ တနင်္လာ၊ အင်္ဂါ၊ စနေ၊

သောကြာသားသမီးများ နှင့်လုပ်လျှင် မိမိထက် ထိုသူများက အကျိုးရှိမည်။ မိမိလုပ်ရင်း သူများက ကြားဝင်စားသွားမည်။ သိရက်နှင့် အောင့်သက်သက်ခံလိုက်ရမည်။

ငွေရေးကြေးရေးနှင့် ပတ်သက်၍ စည်းကမ်းကြီးမည်။ စနစ်ကြီးမည်၊ သူ့နေရာနှင့်သူ သုံးသပ်မှ သုံးတတ်မည်။ သို့သော် မထင်မှတ်ဘဲ၊ မမျှော်လင့်ဘဲ ငွေများ အဟောသိကံ ကုန်ပါမည်။ ငွေစုတတ်သောစိတ် ရှိသော်လည်း အလကားနေရင်း ငွေကုန်များ နေမည်။ ကပ်စေးနဲ့တတ်မည်။ သို့သော် နေရာတိုင်းတွင် မဟုတ်ပါ။ အကျိုးအကြောင်းမရှိဘဲ ငွေများ အရမ်းသုံးပစ်မည်။ ထင်ရာလုပ်ပစ်မည်။ တစ်ခုခုကို သဘောကျလျှင် တန်ရာတန်ဘိုးထက် မည်မျှ ဈေးပိုကျသော်လည်း မတွန့်တိုဘဲ ဝယ်တတ်မည်။ မိမိသဘောကျလျှင် တန်သည် မတန်သည် ကို မကြည့်တော့ပါ။

ငွေကြေးကပ်စေးနည်း၍ စည်းကမ်းရှိသော်လည်း ၊ လူတစ်ဖက်သားကို အလွန်သနားလွယ်သဖြင့် လက်လွယ်နေတတ်ပါသည် ။ သူများအကြောင်းပြချက်ခိုင်လုံနေလျှင် ငွေကို အရမ်းပေးတတ်သည် ။ မိမိမှ ငွေပေးရာတွင် လွယ်ကူသလောက် ငွေတောင်းခါနီးတွင် အထူး ခက်ခဲနေမည်။ မိမိမှာ အလွန်အားနာနေတတ်သောကြောင့် သုံးလေးခေါက်လောက် တောင်းမရလျှင် ကုသိုလ်ကံဟူ၍ ကံသေ ကံမ ထားတတ်မည်။ ငွေများကိုချေးလျှင် ဆပ်သူများကအပြေအလည် ပြန်မပေးနိုင်ပါ။ မိမိကလည်း ငွေတစ်ဝက် တစ်ပျက်နှင့် ကျေနပ်ရတတ်သည် ။ ငွေကို အရမ်းမချေးပါနှင့်၊ လက်မလွယ်ပါနှင့်၊ လူတစ်ဖက်သားကို အရမ်းမယုံကြည်ပါနှင့်။ လူတိုင်းကို ကိုယ်ချင်းမစာပါနှင့်၊ သူချင်းစာပါ။ သဘောမှာ လူတိုင်းကို မိမိစိတ်လို မထင်ဘဲ အခြေအနေပေါ်တွင် ရပ်တည်နေစေလိုပါသည် ။

အလွန် စိတ်နှလုံးကောင်းတတ်၍ တစ်ခါတစ်ရံ အလွန်စိတ်အားငယ်မည်၊ ဘဝကို ပြန်လည်သုံးသပ်ကြည့်တတ်မည်။ ဘဝကို တစ်ခါ တစ်ခါ စိတ်ကုန်နေမည်။ မိမိသည် မည်မျှ ဆင်းရဲပါစေ၊ ချမ်းသာပါစေ၊ ဝမ်းနည်းတတ်သောညာဉ်၊ စိတ်အားငယ်သောညာဉ်မှာ အမြဲတမ်း ရှိပါသည် ။ မိမိသည် အမှီသဟဲ တစ်ခုကို လိုနေတတ်မည်။ မိမိအတွက် အမြဲကူညီရန် လူတစ်ယောက် ရှိစေလိုနေမည်။ ဘဝတွင် လည်း အမြဲတမ်း တစ်ယောက်ယောက်က အကူအညီ ပေးခြင်း ခံရမည်။ ဖေးမတွဲဖက်၍ အားပေးမည့်သူ တစ်ယောက်ယောက်နှင့် အမြဲတမ်း တွေ့ရတတ်မည် ။ မိမိကို အားပေးသူရှိလျှင်တစ်မျိုး၊ မရှိလျှင်တစ်မျိုးဖြစ်မည်။ သဘောတရားရေးမှာ မြှောက်ပင့်ပေးလျှင် အလွန်အားတတ်သရော အလုပ်လုပ်တတ်မည်။ ကြိုးစားမည်၊ ဖန်တီးမည်။ မြှောက်ပင့် သူမရှိလျှင် အားငယ်၍ ဝမ်းနည်းတတ်ပြီး တစ်ခါတစ်ရံ ဘာလုပ်ရမှန်းမသိဘဲ ဝိုးတဝါး ယောင်တောင်တောင် ဖြစ်နေတတ်သည် ။

အချော့ကြိုက်သူဖြစ်သည် ။ ချော့မော့ခိုင်းလျှင် လူတစ်ဖက်သားကို ခြေဖက်ပေး လုမတတ် လုပ်ပေးမည်။ ခပ်တင်းတင်း ခိုင်းလျှင် သူ့ထက်ပို၍ တင်းလိုသူ ဖြစ်သည် ။ သို့သော် မိမိ၏ စိတ်ရင်းကို သူများကမသိတတ်ပါ။ မိမိဘဝကိုသူများက နားမလည်တတ်ပါ။ တော်ရုံတန်ရုံလူများ နှင့်လည်း ပေါင်းသင်း၍ မရတတ်ပါ။ ပေါင်းသင်းမိလျှင် ကိုယ်စိတ်နှစ်ပါးလုံး အနစ်နာခံ၍ ပေါင်းသင်းဆက်ဆံတတ်မည်။

ငွေကြေးရှာဖွေရာတွင် လွယ်ကူတတ်သလို ငွေကုန်သောအခါတွင်လည်း အဟောသိကံ ကုန်နေတတ်ပါမည်။ အလကားနေရင်း ငွေကုန်ကြေးကျ များ နေပါမည်။ စုဆောင်းမည်ဟု ရည်ရွယ်လျှင် ထိုလ၌ ပို၍ အကုန်အကျ များ နေတတ်မည်။ အိမ်ထောင်ဖက်ကို ငွေများ အပ်နှံထားလျှင်လည်း မကြာခဏ ပြန်တောင်း၍ သုံးနေတတ်မည်။ မိမိတွင်

စာရင်းမရှိ ၊ အင်းမရှိဘဲ အလဟဿ ငွေကုန်များ နေမည်။ စာရင်းတွင် ငွေရှိပြီး လက်တွေ့တွင် ဘိုင်ကျနေတတ်ပါသည် ။ ငွေများ အကုန်အကျ များ တတ်သော်လည်း မကြောင့်မကြ ၊ မပူပင်ရဘဲ နေထိုင်စားသောက် သွားရပါမည်။ စိတ်အားမငယ်ဘဲ ရဲဝံ့စွာရင်ဆိုင်ရန် အထူး အကြံပေးပါ ရစေ ။

အလွန်အမင်း မှတ်ဉာဏ်မကောင်းတတ်ပါ။ သို့သော် သတိတရားနှ င့် စိတ်ဝင်စားမှု ရှိပါသည် ။ တစ်ခုခုကို ကြာလျှင်မေ့ချင် မေ့သွားတတ်မ ည်။ ဗြုန်းစားကြီးဆိုလျှင် မေ့တတ်သည် ။ မိမိတွင် ဦးနှောက်အားကောင်းပါသည် ၊ ဉာဏ်ကောင်းမည် ၊ ကျိုးစားစိတ်ရှိမည်။ ပညာနှင့် ပတ်သက်၍ အထူးအကျိုးပေးမည်။ ပညာအကျိုးကို ခံစားရမည် ၊ ပညာရေးကို စိတ်ဝင်စား၍ ပညာဖြင့် ဝမ်းရှာရှာဖွေ စားသောက်လိုစိတ်ရှိမည်။ ပညာကို လိုက်စားမည်ဆိုလျှင် သူမတူအောင် အောင်မြင် နိုင်ကိန်းရှိပါသည် ။ ပညာရေးကို အထူးလိုလိုလားလား လိုက်စားတတ်ပါမည်။ ဆုံးခန်းတိုင်အောင် သင်ကြားလိုစိတ် အမြဲရှိမည်။ စိတ်တွင် ဘွဲ့ ၊ ဒီဂရီများ ရယူလိုစိတ်ရှိမည်။ မိမိ၏ ကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်မှုကို ရရှိပါမည်။ ပညာရေးတွင် ထူးချွန်ပါလိမ့်မည်။

လောကကြီးတွင် ပညာသင်ကြားသူတို့ ထဲ၌ စာကျက်နည်းနှစ်မျိုး ရှိပါသည် ။ တစ်မျိုးမှာ ကြက်တူရွေး စာအံသလိုကျက်ခြင်းနှင့် တစ်မျိုးမှ စာကို သဘောပေါက်အောင် ဖတ်ခြင်း တို့ ဖြစ်ပါသည် ။ စာကို အလွန်ကျက်လိုစိတ်ရှိမည်။ ပညာရေးတွင် အမြဲ ပြိုင်လိုစိတ်ရှိသည် ။ မိမိကို သူများက ကဲ့ရဲ့ ပြစ်တင် ရှုံ့ချမည်ကို စိုးရိမ်တတ်၍ စာကိုကြိုးစားမည်။ စာမေးပွဲဖြေဆိုသော အခါ၌ လည်း မဖြေခင်အလွန်တွင် စိတ်ဓါတ်ထက်သန် နေပါမည်။ ဘာဖြေမည် ၊ ညာဖြေမည်နှင့် အလွန် ပြင်ဆင်နေတတ်မည်။ အမှန် စာမေးပွဲဖြေဆိုပြီးမှ ဒါမဖြေမိလေခြင်း ၊ ဟိုဟာ မဖြေမိ

လေခြင်းဟူ၍ နောင်တ ရနေတတ်မည်။

မိမိမှာ ဉာဏ်ကောင်းသော်လည်း စာမေးပွဲအရာတွင် ရှုန်းနေတတ်သဖြင့် အနည်းငယ် သတိပြုပါ။ ဝီရိယ လွန်ကဲမနေပါနှင့်။

ဤတနင်္လာသားသမီးများ သည် ( ၁၉ ) နှစ်အတွင်း ပညာဂုဏ်ကောင်းမွန်ပါသည် ။ စာမေးပွဲဆက်တိုက် အောင်မြင်ကိန်းရှိသည် ။ အသက် ( ၂၃ ) နှစ်အတွင်း အနည်းငယ်ညံ့ပါသည် ။ စာမေးပွဲဖြေလိုစိတ်ကုန်နေမည်။ စိတ်ကုန်နေမည် ၊ အသက် ( ၂၃ ) နှစ်နှင့် ( ၂၅ ) နှစ်အကြားတွင် စာမေးပွဲကျတတ်ပါမည်။ ထိုနှစ်ပိုင်းများ ၌ မိမိမှာ တာဝန်အရသာ ဖြေတတ်မည်။ အမှန်တကယ် စေတနာအပြည့် အဝဖြင့် မဖြေတတ်ပါ။ အသက် (၂၅ ) နှစ်နောက်ပိုင်း ၊ ( ၃၁ ) နှစ်အတွင်း စာမေးပွဲ အထူးအောင်မြင်ပါလိမ့်မည်။ ကျောင်းဖြင့် အကျိုးပေးမည်။

မိမိသည် လခစားအလုပ်ကို စိတ်ဝင်စားပါမည်။ လခစားအလုပ်နှင့် အကျိုးပေးမည်။ ပင်ကိုယ်အလုပ်ကို စိတ်ရှည်စွာလုပ်လျှင် လခစားအလုပ်ထက် အကျိုးပေးပါမည်။ သို့သော် မိမိက စိတ်မရှည်တတ်ပါ။ တစ်ခုပြီးတစ်ခု ၊ တစ်မျိုးပြီးတစ်မျိုး ပြောင်း၍ လုပ်နေလိုသောစိတ်ရှိမည်။ လခစားအလုပ်ကို လုပ်သည် ဖြစ်စေ၊ ကိုယ်ပိုင်အလုပ်ကို လုပ်သည် ဖြစ်စေ၊ မိမိနှင့် လုပ်ဖော်ကိုင်ဖက်များ နှင့် အထူးတည့်ပါမည်။ မိမိကို အထင်ကြီးမည် ၊ သဘောကျမည် ၊ လေးစားမည် ၊ သို့သော် မိမိက ပွင့်ပွင့်လင်းလင်း ပြောတတ်လွန်း၍ မိမိကိုအထင်ကြီးပြီး အမြင်ကပ်တတ်ကြပါမည်။ ပထမတွင် မိမိနှင့် အလွန်တည့်ပြီး နောက်ပိုင်းတွင် အထင်လွဲပြီး မတည့်ဖြစ်ပါလိမ့်မည်။ မိမိသည် လုပ်သလောက် အကျိုးရှိပါလိမ့်မည်။

အိမ်ထောင်ရေးနှင့် ပတ်သက်၍ စန်းပွင့်သော ကံဇာတာဖြစ်ပါသည်

။ အိမ်ထောင်ရေး ဂြိုဟ် အလွန်ကောင်းပါသည် ။ မိမိနှင့် အိမ်ထောင်ဖက်တို့ သည် ချစ်ချစ်ခင်ခင် ၊ ကြင်ကြင်နာနာနှင့် ပျော်ရွှင်စွာနေထိုင်သွားရပါမည်။ မိမိသည် သိုက်သိုက်ဝန်းဝန်း နေထိုင်လိုသူ ဖြစ်သည် ။ မိမိမှ အိမ်ထောင်ကောင်းနှင့် ရတတ်သော်လည်း မကြာခဏ တကျက်ကျက်ဖြစ်မည်။ တစ်ယောက်ကို တစ်ယောက် သနားချစ် ချစ်ကြမည်။ အပြစ်ကင်းစင်သော အချစ်မျိုးနှင့် ချစ်ကြမည်။ အကယ်၍ သမီးရည်းစားများ ဖြစ်နေလျှင် မိမိ၏ ချစ်သူအတွက် အနစ်နာခံမည် ၊ အနွံအတာခံမည် ၊ ချစ်သူကို ဂရုစိုက်မည် ၊ ညှာတာမည် ၊ လိုက်လျောမည် ၊ အလိုလိုက်မည်။ မိမိ၏ ချစ်သူအလိုကျ လုပ်ပေးချင် စိတ်ရှိမည်။

မိမိတွင် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျလျှင် မကောင်းပါ။ စိတ်ညစ်ရမည်။ အိမ်ထောင်ရေးကို စိတ်ကုန်သွားမည်။ အသက်ငယ်စဉ်က အိမ်ထောင်ကျလျှင် တစ်ဘဝလုံးမှာ နှစ်ကြိမ်မျှ ကွဲရတတ်မည်။ မကွဲလျှင် အကြီးအကျယ်ရန်ဖြစ်၍ အိမ်ထောင်ရေးနှင့် ပတ်သက်၍ အထင်သေးခြင်း ၊ အမြင်သေးခြင်းများ ခံရမည်။ စွပ်စွဲပြောဆိုခံရမည်။ အထင်လွဲ ပြောဆိုခံရမည်။ မိမိမှာ တတ်နိုင်လျှင် အသက် ( ၂၄ ) ထက်စော၍ အိမ်ထောင်မပြုရ။ အသက် ( ၂၄ ) နှစ်ထက် စော၍ အိမ်ထောင်ကျလျှင်လည်း မကြာခဏ စိတ်ညစ်ရကိန်းရှိသည် ။ ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်ဖြစ်သော် ငွေရေးကြေးရေးနှင့် ပတ်သက်၍ စိတ်ညစ်ရမည်။

မိမိမှာ မိန်းမကောင်းများ ၊ ပညာတတ်သော မိန်းမများ ၊ မိမိအပေါ် အနစ်နာခံသော မိန်းမ ၊ ဂုဏ်သိန်ကြီးသော မိန်းမများ နှင့် အိမ်ထောင်ကျရကိန်း ရှိသည် ။ မိမိကလည်း မိန်းမကိုယူလျှင် ချစ်၍ ၊ ယူရလိမ့်မည် ။ မိန်းမဖြစ်လျှင် ယောကျ်ားကောင်းများ နှင့် ညားရမည်။ အိမ်ထောင်ရေး ကောင်းပါသည် ။ မိမိကို မကြာခဏ ပညာတတ်အမျိုးသမီးများက သဘောကျမည် ၊ အထင်ကြီးမည် ၊ လိုက်စားကြမည် ၊ ချစ်ခင်နှစ်သက်

၍ စိတ်ဝင်စားမည်။ မိမိကို မကြာခဏ မိန်းမများက လိုက်စားခြင်းခံရမည်။ သို့သော် မိမိက တည်ကြည်စွာနေမည် ၊ ဣန္ဒြေဆောင်နေမည်။ သိက္ခာထိန်း နေမည် ၊ ရှက်နေမည် ၊ အားနာနေမည် ၊ ကိုယ်ချင်းစာနေမည် ၊ နောက်ဆုံး မိမိကညွှတ်ကွင်းမှ လွတ်နိုင်ပါလိမ့်မည်။

မိမိသည် အသက် ( ၃၂ ) နှစ်မှ ( ၃၆ ) နှစ်အတွင်း အိမ်ထောင်ရေးအလွန်ကောင်းပါသည် ။ အထူးစုတ်အားများ သော အချိန်အခါဖြစ်ပါသည် ။ မိန်းမများ နှင့် ငြိတတ်ပါသည် ။ မိန်းမများ နှင့် တွေ့နေရမည်။ မိန်းမများကို အားနာ၍ ၊ သနား၍ စိတ်ဝင်စား၍ ရနေမည်။ မိန်းမရှိသူများကလည်း နောက်မယားရတတ်သည် ။ အထူးဆင်ခြင်မှ ၊ သတိပြုမှ ၊ အလွန်ဂရုစိုက်မှ လွတ်ကင်းနိုင်မည်။ သို့သော် မိမိကိုယ်၌ က မိန်းမများ တွေ့လျှင် လိုချင်မည်။ လိုက်စားလိုစိတ် ဖြစ်နေမည်။ မိမိက စိတ်ဝင်စားနေတတ်မည် ၊ အိမ်ထောင်ကျတတ်မည်။ မိမိမှာ နောက်အိမ်ထောင် ကျလျှင် မကောင်းပါ။ စုတ်ဝင်လျှင် လာဘ်တိတ်တတ်ဖြင့် မိမိစီးပွားရေးကို ကျရှုံးတတ်မည်။ ဆုတ်ယုတ်မည်။ အထူးသတိထားပါ။

ထိုအသက်ပိုင်း ၊ နှစ်ပိုင်းများ တွင် တနင်္လာသားသမီးများမှာ အထူးဆင်ခြင်၍ နေသင့်ပါသည် ။ အိမ်ထောင်မရှိသူများမှာ နာမည်ပျက်နှင့် အိမ်ထောင်ကျရမည်။ အိမ်ထောင်ရေး အနှောင့်အယှက်တွေ့မည်။ အိမ်ထောင်ရှိသူများ လည်း မိမိ ကိုယ်တိုင် စိတ်ပါသည် ဖြစ်စေ၊ စိတ်မပါ သည် ဖြစ်စေ၊ ယောက်ျားများ ၏ လိုက်စားခြင်း ခံရမည်။ အနှေင့်အယှက်တွေ့မည်။ ခင်ပွန်း၏ အထင်လွဲခြင်းကို ခံရမည်။ ယောက်ျားနှင့် အဆင်မပြေဖြစ်မည်။ အစွပ်စွဲခံရမည် ၊ အပြောအဆို ခံရမည်။ အိမ်ထောင်ရေး အနည်းငယ် အဆင်မပြေ နိုင်စရာရှိသောကြောင့် အနေအထိုင် ဆင်ခြင်စေလိုပါသည် ။

မိမိနှင့် အိမ်ထောင်ကျကိန်းရှိသော သတို့ သား ၊ သတိုးသမီးများမှာ တနင်္ဂနွေ သားသမီးများ ၊ စနေသားသမီးများ ၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည် ။ ထိုနေ့ပါ သားသမီးများ နှင့် အိမ်ထောင်ကျကိန်းရှိသည် ။ အမြဲတမ်း အကူအညီရ၍ အထူးကောင်းပါသည် ။ ဒုက္ခသုက္ခများကို တိုင်ပင်၍ ပြုလုပ်နိုင်ပါမည်။ မိမိသြဇာကို နာခံပါမည်။ စကားကို နားထောင်မည်။ လိုက်လျော၍ အနစ်နာခံပြီး ပေါင်းသင်းပါမည်။ အထူး သင့်မြတ်ပါမည်။

*